# Myanmar Citizens Bank launches MPU-JCB Co-Branded Debit Card in Myanmar

Yangon, 26 June 2020. Myanmar Citizens Bank (MCB Bank), a listed company on the Yangon Stock Exchange in the Republic of the Union of Myanmar (Myanmar), announced the launch of MCB Bank MPU-JCB Co-Branded Debit Cards in collaboration with Myanmar Payment Union (MPU) and JCB International Co. Ltd. (JCBI), the international operations subsidiary of JCB Co., Ltd and

The MCB Bank MPU-JCB Co-Branded Debit Card combines the MPU brand and JCB brand with the MCB Bank brand, a strong and trusted banking brand in Myanmar. Card members can use MPU's nation-wide merchant network in Myanmar and JCB's international merchant network with over 34 million merchants globally.

The new MCB Bank International Debit Card offers 2 different card types, Platinum debit card and Standard debit card. All the card members can enjoy JCB privileges such as discounts at over 150 merchants in Yangon and an extensive merchant network around the world.

In addition to the above, Platinum card members can enjoy exclusive JCB Platinum services such as JCB Platinum airport lounge service for free at 41 airports worldwide.







Mr Godfrey Swain, CEO of MCB Bank commented, "We are delighted to team up with MPU and JCB for the launch of Myanmar Citizens Bank MPU JCB Co-Branded Debit card to support the needs of our customers with convenience of cashless transactions domestically in Myanmar and internationally. The card can be used for all face-to-face and E-commerce payments as well as for ATM transactions. Our customers will enjoy the extensive range of merchant discount benefits that come with the card, please visit Myanmar Citizens Bank website for more product information. The launch of this card is another step forward in realizing the transformational vision of MCB Bank."

Takeshi Fujii, Chief Representative of JCB International (Thailand) Co., Ltd. (Yangon Branch) commented, "Myanmar is one of the most important countries for our global business expansion with the number of JCB cards in Myanmar now reaching 2 million". We would like to contribute significantly to the vision of a cashless society in Myanmar through this new tie-up venture with MCB Bank".

**About MCB Bank**

Established in 1992, Myanmar Citizens Bank (MCB) is one of the first private commercial banks in the country, the first bank to be listed on the Yangon Stock Exchange and enjoys one of the fastest growth rates in the Myanmar banking sector. MCB, a Bank with a traditional focus on Commercial and SME segments, is rapidly expanding its Corporate and Retail banking arms developing new innovative and competitive products and services distributed through a network of nearly 50 branches covering 26 cities in Myanmar. In 2019 MCB signed a wide-ranging, long term consultancy and partnership agreement with the International Financial Corporation (IFC), an arm of the World Bank, embarking on a three-year transformational journey to modernize and build a best in class, universal banking model meeting and exceeding international banking standards, efficiency and customer service levels.

For more information, please visit : https://www.mcb.com.mm

**About JCB**

JCB is a global payment brand and a leading credit card issuer and acquirer in Japan. JCB launched its card business in Japan in 1961 and began expanding worldwide in 1981. Its acceptance network includes about 34 million merchants as well as cash advance locations around the world. JCB cards are now issued in 24 countries and territories, with more than 140 million cardmembers. As a comprehensive payment solution provider, JCB commits to providing responsive and high-quality service and products to all customers worldwide.

For more information, please visit: www.global.jcb/en/

# မြန်မာနိုင်ငံသားများဘဏ်မှ MPU-JCB Co-Branded Debit Card အား မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်ခြင်း

ရန်ကုန်၊ ၂၀၂၀ ခုနှစ်၊ ဖွန်လ ၂၆ ရက် - ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် (မြန်မာနိုင်ငံ) ၏ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီတစ်ခုဖြစ်သည့် မြန်မာနိုင်ငံသားများဘဏ် (MCB Bank) သည် Myanmar Payment Union (MPU) နှင့် JCB Co., Ltd ၏ နိုင်ငံတကာနှင့်ပတ်သက်သောကုမ္ပဏီခွဲ ဖြစ်သည့် JCB International Co. Ltd. (JCBI) တို့နှင့် ပူးပေါင်းကာ MCB Bank MPU-JCB Co-Branded Debit Card အား စတင်မိတ်ဆက်မှု ပြုလုပ်ကြောင်း ကြေညာခဲ့ပါသည်။

MCB ၏ MPU-JCB Co-Branded Debit Card တွင် MPU brand နှင့် မြန်မာနိုင်ငံရှိ ခိုင်မာ၊ ယုံကြည်ရသော ဘဏ်လုပ်ငန်း အမှတ်တံဆိပ်ဖြစ်သည့် MCB ဘဏ်နှင့်အတူ JCB brand တို့ ပေါင်းစပ်ပါဝင်ပါသည်။ ကတ်ကိုင်ဆောင်သူများအနေနှင့် MPU ၏ မြန်မာတစ်နိုင်ငံလုံးရှိ merchant network နှင့် JCB ၏ နိုင်ငံတကာအနှံ့ လုပ်ငန်း ၃၄ သန်းရှိသော merchant network တို့အား အသုံးပြုနိုင်မည်ဖြစ်ပါသည်။

MCB ၏ International Debit Card အသစ်တွင် Platinum debit card နှင့် Standard debit card ဟူ၍ ကတ်အမျိုးအစား ၂ မျိုး ရှိပါသည်။ ကတ်ကိုင်ဆောင်သူများ အားလုံးအနေနှင့် ရန်ကုန်မြို့ရှိ ဆိုင်ပေါင်း ၁၅၀ ကျော်နှင့် ကမ္ဘာအနှံ့ရှိလုပ်ငန်းများတွင် လျှော့ဈေး ရရှိခြင်းကဲ့သို့ JCB အထူးခံစားခွင့်များအား ရရှိ၊ ခံစားနိုင်မည် ဖြစ်ပါသည်။

ထို့အပြင် Platinum card ကိုင်ဆောင်သူများသည် နိုင်ငံတကာလေဆိပ် ၄၁ ခုတွင် JCB Platinum airport lounge service အား အခမဲ့ ရရှိနိုင်ခြင်းကဲ့သို့ JCB Platinum ဝန်ဆောင်မှုများကိုလည်း ရရှိနိုင်ပါသည်။







MCB ဘဏ်၏ အမှုဆောင်အရာရှိဖြစ်သူ Mr. Godfrey Swain မှ ပြောကြားသည်မှာ - "ကျွန်တော်တို့အနေနဲ့ customer တွေရဲ့ လိုအပ်ချက်တွေအတွက် မြန်မာနိုင်ငံအတွင်းနဲ့ နိုင်ငံတကာမှာပါ ငွေသားမဲ့ ငွေလွှဲဆောင်ရွက်မှုတွေကို အဆင်ပြေလွယ်ကူစွာ လုပ်ဆောင်နိုင်စေဖို့ ပံ့ပိုးမှုတစ်ရပ်အနေနဲ့ မြန်မာနိုင်ငံသားများဘဏ်ရဲ့ MPU JCB Co-Branded Debit card ကို စတင်နိုင်ဖို့ MPU ၊ JCB တို့နဲ့ အတူ ပူးပေါင်း လုပ်ကိုင်ရတဲ့အပေါ် ဝမ်းမြောက်ရပါတယ်။ ဒီကတ်ကို ကိုယ်တိုင်ဝယ်ယူမှု၊ E-commerce ပေးချေမှု၊ ATM ငွေလွှဲမှု စတာတွေအားလုံး အတွက် အသုံးပြုနိုင်ပါတယ်။ ကျွန်တော်တို့ရဲ့ customer တွေအနေနဲ့ ကတ်နဲ့အတူ merchant လျှော့ဈေး ခံစားခွင့်များစွာကို ရရှိ၊ ခံစားနိုင်မှာလည်း ဖြစ်ပါတယ်။ အသေးစိတ်ကို မြန်မာနိုင်ငံသားများဘဏ်ရဲ့ ဝက်ဘ်ဆိုက်မှာ ဝင်ရောက်ကြည့်ရှုစေလိုပါတယ်။ ဒီကတ် စတင်လိုက်ခြင်းဟာ MCB ရဲ့ အသွင်ကူးပြောင်းရေးဆိုင်ရာ ရည်မှန်းချက်အတွက် ခြေလှမ်းတစ်ရပ် ရှေ့တိုးဆောင်ရွက်လိုက်ခြင်းပဲ ဖြစ်ပါတယ်။"

JCB International (Thailand) Co., Ltd. ၊ ရန်ကုန်ရုံးခွဲမှ Chief Representative ဖြစ်သူ Mr. Takeshi Fujii မှလည်း "ကျွန်တော်တို့ရဲ့ JCB ကတ်အသုံးပြု လုပ်ငန်းတိုးချဲ့မှုမှာ မြန်မာနိုင်ငံဟာ အရေးကြီးတဲ့နိုင်ငံတွေထဲက တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ JCB ကတ်

အသုံးပြုမှုဟာ လက်ရှိမှာ ၂ သန်းအထိ ရှိနေပါပြီ။ MCB ဘဏ်နဲ့ ယခုလို ပူးပေါင်းဆောင်ရွက်မှုကနေ မြန်မာနိုင်ငံမှာ ငွေသားကိုင်ဆောင်အသုံးပြုစရာ မလိုတဲ့ လူမှုအဖွဲ့အစည်းတစ်ရပ် ရှိလာစေဖို့ ကျွန်တော်တို့ ရည်ရွယ်ထားပါတယ်။

**မြန်မာနိုင်ငံသားများဘဏ်အကြောင်း အကျဉ်းဖော်ပြချက်**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် မြန်မာနိုင်ငံသားများဘဏ် (MCB) သည် နိုင်ငံအတွင်းတည်ထောင်ခဲ့သည့် ပထမဆုံး ပုဂ္ဂလိကပိုင်ဘဏ်များထဲမှ တစ်ခုဖြစ်ပြီး၊ ရန်ကုန်စတော့အိတ်ချိန်းတွင်လည်း ပထမဆုံး စာရင်းဝင်ဘဏ်ဖြစ်သည်။ မြန်မာ့ဘဏ်လုပ်ငန်းကဏ္ဍတွင် အမြန်ဆန်ဆုံးသော တိုးတက်မှုနှုန်းများဖြင့် အောင်မြင်လျက်ရှိသည့် ဘဏ်တစ်ခု ဖြစ်ပါသည်။ Commercial နှင့် SME ကဏ္ဍများအား ယခင်ကတည်းက အလေးထားခဲ့သော MCB သည် နိုင်ငံအနှံ့ မြို့ကြီး ၂၆ မြို့တွင် ဖွင့်လှစ်ထားသည့် ဘဏ်ခွဲပေါင်း ၅၀ နီးပါးမှတဆင့် ထုတ်ကုန်သစ်နှင့် ဝန်ဆောင်မှုသစ်များအား စီစဉ်ပေးအပ်လျက် ဘဏ်၏ Corporate နှင့် Retail banking ပိုင်းအား လျင်မြန်စွာ တိုးချဲ့လျက်ရှိပါသည်။ MCB သည် ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့ဘဏ်၏ အဖွဲ့ဝင်ဖြစ်သည့် International Financial Corporation (IFC) နှင့် အတိုင်ပင်ခံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ရေရှည်-စာချုပ်တစ်ရပ်အား လက်မှတ်ရေးထိုးခဲ့ပြီး၊ နိုင်ငံတကာ ဘဏ် လုပ်ငန်းစံနှုန်းများ၊ ထိရောက်မှုအဆင့်၊ customer ဝန်ဆောင်မှုအဆင့်များနှင့် ကိုက်ညီရုံသာမက သာလွန်သည့် အဆင့်မြင့် universal banking model အဖြစ် ပုံဖော်၊ တည်ဆောက်နိုင်ရေး ၃ နှစ်တာ ပြုပြင်ပြောင်းလဲရေးခရီးစဉ်ကို စတင်လျက်ရှိပါသည်။

အခြားသော သတင်းအချက်အလက်များ ထပ်မံသိရှိလိုပါက https://www.mcb.com.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

**JCB**

JCB သည် နိုင်ငံတကာပေးချေမှုအမှတ်တံဆိပ်တစ်ခု ဖြစ်ပြီး၊ ဂျပန်နိုင်ငံတွင် Credit Card ဦးဆောင်ထုတ်ဝေသူ၊ ကတ်အတွက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသူဖြစ်သည်။ JCB သည် ၎င်း၏ ကတ်လုပ်ငန်းကို ဂျပန်နိုင်ငံတွင် ၁၉၆၁ ခုနှစ်မှစတင်ခဲ့ပြီး၊ ၁၉၈၁ တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တိုးချဲ့လုပ်ကိုင်ခဲ့သည်။ JCB ၏ ကွန်ရက်တွင် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းပေါင်း ၃၄ သန်းနှင့် ငွေကြိုထုတ်နိုင်သည့်နေရာများ ပါဝင်သည်။ JCB ကတ်များအား ယခုအချိန်အထိ နိုင်ငံ/ဒေသ (၂၄) ခုရှိ လူဦးရေ သန်း ၁၄၀ အား ထုတ်ပေးပြီး ဖြစ်သည်။ JCB သည် အမျိုးမျိုးသောပေးချေမှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသူအဖြစ် နိုင်ငံတကာရှိ customer များအား ထိရောက်သော အရည်အသွေးမြင့်ဝန်ဆောင်မှုနှင့်ထုတ်ကုန်များကို ဝန်ဆောင်ပေးလျက်ရှိပါသည်။

အခြားသော သတင်းအချက်အလက်များ ထပ်မံသိရှိလိုပါက www.global.jcb/en/ တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။